ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

# NUGPay

# ပြည်သူသို့ အစီရင်ခံစာ

## ၂၀၂၃-၂၀၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ NUGPay စတင်ခြင်း နှစ်နှစ်ပြည့်. အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည်။

ယခုအစီရင်ခံစာတွင် NUGPay ၏ မျှော်မှန်းချက်၊ ဦးတည်ချက်၊ မူဝါဒများ၊ မြေပြင်လုပ်ငန်းစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဝန်ဆောင်မှုအသစ်များနှင့် အောင်မြင်မှုများအား ထည့်သွင်းဖော်ပြထားပါသည်။.

# Annual Report

July 2024

NUGPay

# ပြည်သူသို့ အစီရင်ခံစာ

# ၂၀၂၃-၂၀၂၄

© ၂၀၂၄ NUGPay Management Team/ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

© 2024 NUGPay Management Team/ Ministry of Planning Finance and Investment
National Unity Government of Myanmar
Website: https://www.nugmyanmar.org/en/
Website: https://mopfi.nugmyanmar.org/
Website: https://nugpay.app/

np.

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

ဒစ်ဂျစ်တယ်မြန်မာကျပ် (DMMK) နှင့် NUGPay သည် ပြည်သူ၏ ဝန်းရံထောက်ခံမှု မပါရှိပဲ အောင်မြင်နိုင်မည် မဟုတ်ပါ။

ဤ နှစ်နှစ်တာ ကာလအတွင်း အခက်အခဲ စိန်ခေါ်မှုပေါင်း များစွာကြားမှ တော်လှန်ရေး အားမာန်ဖြင့် အားမလျှော့တမ်း ပါဝင်ခဲ့ကြပါသော NUGPay သုံးစွဲသူပြည်သူများ၊ NUGPay ကိုယ်စားလှယ်အေးဂျင့်များ၊ NUGPay အဖွဲ့သားများအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**လေးစားမှုဖြင့်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**

np.

# ပြည်ထောင်စုဝန်ကြီး၏ အမှာစကား

စစ်အာဏာရှင် အမြစ်ဖြတ်ချေမှုန်းရေး ဦးတည်ဆင်နွှဲနေသည့် မြန်မာ့နွေဦး တော်လှန်ရေးတွင် အခက်အခဲများစွာ၊ စိန်ခေါ်မှုပေါင်းစုံကို ကြံ့ကြံ့ခံကျော်လွှား၍ ပြည်သူနဲ့အတူ NUGPay သည်လည်း နှစ်နှစ်သား ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နှစ်နှစ်တာ ကာလအတွင်း NUGPay သုံးစွဲသည့် တော်လှန်ပြည်သူတဦးချင်း အပါအဝင် တော်လှန်ရေးတပ်ရင်း/တပ်ဖွဲ့ စုစုပေါင်း သုံးသောင်းငါးထောင် (၃၅,၀၀၀) ခန့်ရှိနေပြီဖြစ်ပြီး တော်လှန်ရေးထောက်ပံ့ငွေ ကျပ်ဘီလီယံ တစ်ထောင့်ငါးရာ (၁,၅၀၀)အထိ NUGPay ယာဉ်ရထားဖြင့် အကျိုးဆောင် သယ်ပို့စေနိုင်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၂၈) နိုင်ငံတွင် NUGPay အား ကွန်ရက်ဖြန့်ကျက်၍ တော်လှန်ရေးရန်ပုံငွေများကို ပြည်သူမှပြည်သူသို့ ထောက်ပံ့ စီးဆင်းစေလျက်ရှိပါသည်။

အဆိုပါ ဖြစ်ထွန်းတိုးတက်မှုများသည် ပြည်သူ့အောင်ပွဲသာလျှင်ဖြစ်ပြီး NUGPay အနေဖြင့် တော်လှန်ရေးအောင်မြင်ပြီးဆုံးသည်အထိ ပြည်သူနှင့်အတူ မမှိတ်မသုန်၊ မဆုတ်မနစ် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုအပ်ပါသည်။



တင်ထွန်းနိုင်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်း၊ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

np.

# ပြည်ထောင်စု ဒုတိယဝန်ကြီး၏ အမှာစကား

မိမိတို့လိုချင်တဲ့ အနာဂတ်ကို ရောက်ဖို့အတွက် လက်ရှိစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ သာမက အနာဂတ်အတွက် ပြဿနာတွေ မထားခဲ့ဘဲ အခြေခံကောင်းတစ်ချို့ကို ထူထောင်ပေးနိုင်ဖို့ MOPFI အနေနဲ့ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါတယ်။ ပြိုင်ပွဲတစ်ခုမှာ ပန်းတိုင်နဲ့ နီးလာတဲ့အချိန်ဟာ ပင်ပန်းသော်လည်း အားအစိုက်ရဆုံးအချိန်ပါပဲ။ ပြည်သူများအနေနဲ့လည်း ကိုယ်စီကိုယ်စီ နိုင်ငံရာဝန်ထမ်းခဲ့ကြရာက ယခုလို အရေးကြီးတဲ့အချိန်မှာ ကိုယ်စွမ်းနိုင်တယ်လို့ ထင်တာထက်ကို ကျော်လွန်ပြီး လူအား၊ ငွေအား၊ နည်းပညာအကြံဉာဏ်အားဖြင့် အရှိန်မြှင့် အားထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။



မင်းဇေယျာဦး
ပြည်ထောင်စု ဒုတိယဝန်ကြီး
စီမံကိန်း၊ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရသည် အကြမ်းဖက်စစ်ကောင်စီ၏ ထိန်းချုပ်မှု အောက်တွင်ရှိသော ငွေကြေးစနစ်များအပေါ် မှီခိုနေရမှုကို အဆုံးသတ်နိုင်ရန်၊ ပြည်သူများကြုံတွေ့နေရသည့် လုံခြုံရေး စိန်ခေါ်မှုများဖြေရှင်းနိုင်ရန်၊ စစ်အာဏာရှင်စနစ်အားအမြစ်ဖြတ် ချေမှုန်းနိုင်ရေးအတွက် လွတ်လပ်ပြီး လုံခြုံစိတ်ချရ၍ လူအများ လက်လှမ်းမီနိုင်သော ငွေကြေးလည်ပတ်မှု ယန္တရားတစ်ခုကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဒစ်ဂျစ်တယ် မြန်မာကျပ် (Digital Myanmar Kyat - DMMK) ကို နိုင်ငံတော်၏ တရားဝင်ဒစ်ဂျစ်တယ်ငွေကြေး အဖြစ် သတ်မှတ် ဖြန့်ဝေခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သော NUGPay သည် နှစ်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ ဤအစီရင်ခံစာကို ထုတ်ဝေလိုက်ပါသည်။

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် -

- အာဏာသိမ်းစစ်ကောင်စီအား အကျိုးပြုစေရန် ရည်ရွယ်၍ စီးဝင်လာမည့် မည်သည့် ဘဏ္ဍာငွေကြေးအထောက် အပံ့ကိုမဆို တားဆီးပိတ်ပင်မှုများ ပြုလုပ်သွားရေး။
- ပြည်သူလူထု၏ လိုလားတောင့်တချက်နှင့်အညီ ပေါ်ပေါက်လာမည့် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်အသစ် တည်ဆောက်ရာတွင် အထောက်အပံ့ရစေမည့် ဘဏ္ဍာငွေများ ရရှိစေရေး စသည့် မူဝါဒ ရည်မှန်းချက်များ ထားရှိ၍ ပြည်သူလူထုမှ အပ်နှင်းထားသည့် တော်လှန်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

ယခုအစီရင်ခံစာတွင် မူဝါဒ (၁) အရ စတင်ထားသည့် ဒစ်ဂျစ်တယ်မြန်မာကျပ် စီမံကိန်း၊ NUGPay ၏ မျှော်မှန်းချက်၊ ဦးတည်ချက်၊ မူဝါဒများနှင့် အောင်မြင်မှုပြညွှန်းချက်များ ထည့်သွင်း ဖော်ပြထားပါသည်။

# နောက်ခံ အကြောင်းအရာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ လက်နက်အားကိုးဖြင့် ပြည်သူ့အာဏာကို အဓမ္မ သိမ်းပိုက်ခဲ့သည့် စစ်အာဏာသိမ်းခြင်းကို မြန်မာပြည်သူလူထု တစ်ရပ်လုံးက လုံးဝ လက်မခံခဲ့ကြပဲ ယနေ့အချိန်ထိ နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်ဆန့်ကျင်နေကြပြီး အကြမ်းဖက်စစ်တပ်က ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို စစ်မြေပြင် ကဲ့သို့ပင် လက်နက်မဲ့ ပြည်သူလူထုအား မတရားဖမ်းဆီးခြင်း၊ တရားလက်လွတ် သတ်ဖြတ်ခြင်းနှင့် ထိန်းသိမ်းခြင်း စသည့် နည်းလမ်းများဖြင့် ရက်စက် ကြမ်းကြုတ်စွာ ဆောင်ရွက်ခဲ့ ကြသည်။

ထို့ပြင် ပြည်သူလူထု နေ့စဉ်အသုံးပြုနေသော ဘဏ္ဍာရေး၊ ငွေကြေးစနစ်များသည် အကြမ်းဖက်စစ်အုပ်စု၏ လွှမ်းမိုး ထိန်းချုပ်မှုအောက်တွင်ရောက်ရှိနေပြီး ပြည်သူလူထု၏ လုံခြုံရေးထိပါးလာမှုအပေါ် တန်ပြန်နိုင်ရန်၊ ငွေပေးချေမှုများ လုံခြုံမြန်ဆန်စွာ ပြုလုပ်နိုင်ရန်၊ အတားအဆီးများကိုလျှော့ချကာ တော်လှန်ရေးနှင့် မက်ခရိုစီးပွါးရေး အတွက် အပြုသဘောဆောင်၍

ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို ဆောင်ကျဉ်းပေးနိုင်သည့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်ငွေကြေး စနစ် တစ်ခုကို အမျိုးသားညီညွတ်ရေးအစိုးရက တည်ထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ယနေ့ကမ္ဘာတွင်လည်း ဒစ်ဂျစ်တယ်နည်းပညာများ၏ ဖွံ့ဖြိုးတိုးတက်လာမှုသည် အခွင့်အလမ်းများသာမက စိန်ခေါ်မှု များ ဆောင်ကြဉ်းပေးသည့် နည်းပညာ ဒီရေလှိုင်းကြီးတစ်ခုပင်ဖြစ်ပြီး အင်တာနက်နှင့် ပတ်သက်သော နည်းပညာများ မှတဆင့် ကျွန်ုပ်တို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုဆက်ဆံရေးများ အထိ နည်းပညာကို ထိုးဖောက်ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။

Artificial Intelligence(AI) နည်းပညာများ၊ ဘလော့ချိန်း (Blockchain) နှင့် အခြား Internet of Things ကဲ့သို့သော ဒစ်ဂျစ်တယ်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး ဒစ်ဂျစ်တယ်စီးပွါးရေးလုပ်ငန်းပုံစံ အသစ်များ ပေါ်ထွက်လာသည်နှင့် အမျှ အင်တာနက်၊ ဘလော့ချိန်း၊ ခရစ်ပ်တိုစသည့် ကျယ်ပြန့်လှသော နည်းပညာများသည်လည်း လူမှုနေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာနေပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးရှိ ဗဟိုဘဏ်များက သမားရိုးကျမဟုတ်သော ဆန်းသစ်သည့် ငွေကြေးစနစ်များ စတင်နိုင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် တည်ရှိလာသည့် ဘလော့ချိန်းနည်းပညာကို အသုံးပြုကာ ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး (Central Bank Digital Currency) ကို ဖန်တီးနိုင်ရန် ကြိုးပမ်းလာကြပြီဖြစ်ပါသည်။

၎င်းကဲ့သို့ ဒစ်ဂျစ်တယ်ငွေကြေးနည်းနာများကို အသုံးပြုခြင်းသည် သုံးစွဲသူများအတွက် ငွေပေးချေရန် အခြားရွေးချယ်စရာ နည်းလမ်းတစ်ခု ဖြစ်စေသည့်အပြင် လုံခြုံစွာ အသုံးပြုနိုင်မှု၊ ငွေပေးချေမှု ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မှုတို့ကြောင့် နိုင်ငံတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်လာစေနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘလော့ချိန်းနည်းပညာသုံး ဒစ်ဂျစ်တယ်မြန်မာကျပ်သည် နိုင်ငံတော်၏ တရားဝင် ဒစ်ဂျစ်တယ်ငွေကြေးပင်ဖြစ်ပြီး ဒီမိုကရေစီခရီးစဉ်တွင် အကြမ်းဖက်စစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုမရှိသော၊ အမှီအခိုကင်းသော ငွေကြေးစနစ်တစ်ခုအဖြစ် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

# ဒစ်ဂျစ်တယ်မြန်မာကျပ် စီမံခန့်ခွဲမှု မူဘောင်

ဒစ်ဂျစ်တယ်မြန်မာကျပ်သည် တရားဝင် ငွေကြေးတစ်ခုဖြင့် ကျောထောက်နိုင်ခံပြုထားသော Blockchain နည်းပညာသုံး ဒစ်ဂျစ်တယ် ငွေကြေးတစ်ခုဖြစ်ပြီး စျေးကွက်အတွင်း၌ ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေး (CBDC) ကဲ့သို့ တည်ရှိနေပါသည်။ DMMK စနစ်သည် လွတ်လပ်စွာ တည်ရှိမှု၊ အလွယ်တကူရရှိနိုင်မှု၊ တီထွင်ဆန်းသစ်မှုနှင့် လုံခြုံမှု စသည့် အခြေခံမှုများဖြင့် ဖန်တီးထားခြင်း ဖြစ်ပါသည်။


ဤမူဝါဒများကို လက်ရှိ စိန်ခေါ်မှုများဖြစ်သော ပြည်သူ များ၏ ဘဏ္ဍာရေးအကျပ်အတည်းများ၊ ကိုယ်ရေးအချက်အလက်လုံခြုံရေး၊ နည်းပညာ၊ အသုံးစရိတ်နှင့် စီးပွါးရေး အခြေအနေ အကျိုးပြုမှုတို့ကို လေ့လာဆန်းစစ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။ DMMK သည် တရားဝင်အစိုးရမှ အသိအမှတ်ပြုထားသော တရားဝင်ငွေကြေး တစ်ခုပင် ဖြစ်၍ ပြည်သူများအနေဖြင့် တရားဝင် ငွေကြေးများဖြစ်သော မြန်မာကျပ်ငွေ သို့မဟုတ် DMMK ကို အသုံးပြုနိုင်ပြီး ၎င်းကို NUGPay မိုဘိုင်း ပိုက်ဆံအိတ် ဖြင့် ရယူနိုင်ပါသည်။

DMMK စနစ်ကို လွတ်လပ်မှု၊ သုံးစွဲနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ဘေးကင်းလုံခြုံမှု စသည့် အခြေခံစံနှုန်းများဖြင့် ဖန်တီးထားပါသည်။ ဤဒီဇိုင်းအခြေခံမူဘောင်များကို လက်ရှိ စီးပွားရေးကန့်သတ်ချက်များ၊ လုံခြုံရေး၊ နည်းပညာ ပံ့ပိုးမှုနှင့် ကုန်ကျစရိတ်များ စသည်တို့ကို သုတေသနပြုလုပ်၍ ပြည်သူလူထုကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင် ရန် ရေးဆွဲခဲ့ပါသည်။

ထို့အပြင် DMMK ငွေကြေး၏ ဂုဏ်သတ္တိများ၊ ငွေကြေးလည်ပတ်မှုပုံစံ၊ ဒစ်ဂျစ်တယ် ငွေကြေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း လိုက်နာမှုနှင့် တာဝန်များ၊ နည်းပညာဆိုင်ရာ လမ်းပြမြေပုံ ရွေးချယ်မှုများနှင့် မူဝါဒပိုင်းဆိုင်ရာလေ့လာမှုများ အားလုံးကို ဆောင်ရွက်ပြီး ပြင်ဆင်ထားပါသည်။

၎င်းကဲ့သို့ အဆင့်ဆင့်အားဖြင့် ပြင်ဆင်မှုများ၏ ရည်ရွယ်ချက်မှာ လက်ရှိတွင်သာမက အနာဂတ် မြန်မာနိုင်ငံအတွက် လွတ်လပ်လုံခြုံ၍ ပြည်သူအားလုံးပါဝင်သော၊ ယုံကြည်စိတ်ချရသော DMMK စနစ် ဒီဇိုင်းပုံစံကို ဖန်တီးနိုင်ရန် ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် DMMK ငွေကြေး ထုတ်ဝေရန်၊ ငွေကြေးလည်ပတ်ရန်၊ စီမံခန့်ခွဲရန် တာဝန်ရှိပြီး ၄င်း ငွေကြေးစနစ်ကို အဆင့် ၂ ဆင့်ဖြင့် စီမံခန့်ခွဲမှု ပြုလုပ်ပါသည်။ DMMK ဒီဇိုင်း မူဘောင်တွင် ပါဝင်သည့် သက်ဆိုင်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




ပုံ (၁) DMMK ဒီဇိုင်းမူဘောင်

# NUGPay

NUGPay သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘလော့ချိန်း နည်းပညာသုံး မိုဘိုင်းပိုက်ဆံအိတ် ဖြစ်သည်။ သုံးစွဲသူပြည်သူလူထုသည် DMMK ငွေကြေးအား NUGPay မှ တဆင့် ရယူနိုင်ပါသည်။

## NUGPay ၏ မျှော်မှန်းချက် (Vision)

- စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းရေး၊
- ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် မက်ခရိုစီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုတွင် ယာဉ်ရထားတစ်စင်းအဖြစ် ပါဝင်ရန်။

## NUGPay ၏ ဦးတည်ချက် (Mission)

ကျပ်ငွေ၏ တည်ရှိမှုပုံစံအား ခိုင်မာစေရန်နှင့် ပြည်သူလူထုအား ဆန်းသစ်သော ဘဏ္ဍာရေးဝန်ဆောင်မှုများကို အလွယ်တကူရယူနိုင်ရန် ပံ့ပိုးပေးခြင်းဖြင့် လူမှုစီးပွါးအခွင့်အလမ်းများ တိုးပွါးလာစေရန်။



# NUGPay ၏ စံတန်ဖိုးများ

## (၁) အလွယ်တကူ ရယူနိုင်မှု

မြန်မာနိုင်ငံတွင် Mobile Payment ဝန်ဆောင်မှုများသည် ဘဏ်စာရင်းမရှိသူများ အတွက် ငွေကြေးဝန်ဆောင်မှုများ ရယူနိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်လာခဲ့ပြီး ၂၀၁၆ တွင် ၁% ၊ ၂၀၁၉ တွင် ၈၀% နှင့်နှင့် ၂၀၂၁ ခုနှစ် တွင် ငွေပေးငွေယူ Transaction တန်ဖိုး သည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃.၃ ဘီ လီယံထိ ရှိလာသည်။ (Statista Market Insights, 2023)

သို့သော် ပြည်တွင်းပုဂ္ဂလိက ဘဏ္ဍာရေး ဝန်ဆောင်မှုများသည် အကြမ်းဖက် စစ် အုပ်စု၏ လွှမ်းမိုးမှု ခံရသဖြင့် လုံခြုံ စိတ်ချရ သော ငွေကြေးဝန်ဆောင်မှုများ ပေးအပ်နိုင် ရန် NUGPay ကိုကို တော်လှန်ရေးကာလ အတွင်း၌ စတင်ခဲ့သည်။ လက်ရှိတွင် တော်လှန်ရေးကာလ ငွေကြေးလည်ပတ်မှုကို ဦးစားပေးထားရှိနေပြီး နောင်တွင် NUGPay မှတဆင့် ဘဏ်ဝန်ဆောင်မှုများနှင့် ကင်းကွာ လျက်ရှိသော ပြည်သူလူထုအား Formal Financial Sector သို့ ရောက်ရှိအောင် တွန်းပို့နိုင်မည် ဖြစ်ပါသည်။

NUGPay ၏ အနာဂတ် ဝန်ဆောင်မှုများ၊ ပြုပြင်ပြောင်းလဲရေးမူဝါဒများတွင် မြန်မာ ပြည်သူလူထုကို အလွယ်တကူ ရယူနိုင်သော ငွေကြေးဝန်ဆောင်မှုပေးနိုင်ရန် "ရယူနိုင်မှု" စံနှုန်းကို အခြေပြုရေးဆွဲနေပါသည်။

## (၂) သုံးစွဲမှု

ငွေကြေးဝန်ဆောင်မှုများကို ရယူနိုင်ပြီး နောက် ၎င်းတို့ကို အမှန်တကယ် အသုံးပြုနိုင် ရန်နှင့် လူတိုင်းလက်လှမ်းမီလာနိုင် ရန် ငွေကြေး ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအား လူတိုင်းတတ်နိုင်သော ကုန်ကျ စရိတ် နှုန်းထားတစ်ခု သတ်မှတ်နိုင်ရန် အရေးကြီး ပါသည်။

NUGPay သည် သုံးစွဲသူများအနေဖြင့် ငွေ ပေးငွေယူသာမက မိမိ၏ ကိုယ်ပိုင် ဘဝ အတွက် ငွေကြေးစီမံခန့်ခွဲနိုင်ရန်၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများအတွက် ရင်းနှီးမြှုပ်နှံ ရန်၊ စီးပွါးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အတွက်လည်း ဝန်ဆောင်မှုပေးနိုင်ရမည်ဟု ယူဆပါသည်။

NUGPay ၏ အနာဂတ်ဝန်ဆောင်မှုများ၊ ပြုပြင်ပြောင်းလဲရေးမူဝါဒများတွင် မြန်မာ ပြည်သူလူထု ကဏ္ဍပေါင်းစုံတွင် အသုံးပြုနိုင် သော ငွေကြေးဝန်ဆောင်မှုတစ်ခု ဖြစ်လာရန် "သုံးစွဲမှု" စံတန်ဖိုးအား အခြေပြုရေးဆွဲနေ ပါသည်။

## (၃) အရည်အသွေးရှိမှု

လုပ်ငန်းတစ်ခု၏ ထုတ်ကုန်များ၊ ကုန်ပစ္စည်း များ၊ ဝန်ဆောင်မှုများသည် ကောင်းမွန်သော အရည်အသွေးတစ်ခုရှိမှသာ သုံးစွဲသူများကို အကျိုးပြုနိုင်ရုံသာမက လုပ်ငန်း၏ တိုးတက်မှု (Growth) ကိုလည်း ဖြစ်စေပါသည်။

NUGPay ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများသည် ခေတ်ကာလနှင့် လျော်ညီသော၊ လိုအပ်ချက်ကို မူတည်၍ NUGPay ၏ အရည်အသွေးထိန်းညှိနိုင်မှုသည် သုံးစွဲသူများကို ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရုံ သာမက၊ လုပ်ငန်းအတွက်လည်း အကျိုးဖြစ်ထွန်းမှု ရှိစေရမည်။ သုံးစွဲသူများသည် NUGPay ၏ အရည်အသွေးမြင့် ထုတ်ကုန်၊ ဝန်ဆောင်မှုများကို ရယူ၍ ကောင်းကျိုး တစ်စုံတစ်ရာ ဖြစ်စေရမည်ဟု ယုံကြည်ပါသည်။

NUGPay ၏ အနာဂတ်ဝန်ဆောင်မှုများ၊ ပြုပြင်ပြောင်းလဲရေးမူဝါဒများတွင် မြန်မာပြည်သူလူထုအား အရည်အသွေးမြင့် ဝန်ဆောင်မှုများ ရယူနိုင်ရန် "အရည်အသွေးရှိမှု" စံတန်ဖိုးအား အခြေပြုရေးဆွဲနေပါသည်။

## (၄) လူသားဆန်မှု

NUGPay သည် သုံးစွဲသူများ ကြုံတွေ့နေရသော အခက်အခဲများ Pain points များကို နားလည်သဘောပေါက်၍ ၎င်း အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်သော ဝန်ဆောင်မှုများ၊ ထုတ်ကုန်များ ပေးအပ်နိုင်ရမည်ဟု ယုံကြည်ပါသည်။ NUGPay သည် မတူညီကွဲပြားမှုများ၏ တူညီသော စုဆုံရပ်တစ်ခုဖြစ်၍ NUGPay ၏ ငွေကြေးဝန်ဆောင်မှုများ မှ တဆင့် ကြွယ်ဝချမ်းသာမှု၊ လူနေမှုအဆင့်အတန်း တိုးတက်စေမှု၊ လူတိုင်းအတွက် ရေရှည်တည်တံ့သော အနာဂတ် တစ်ခု ဖြစ်ပေါ်လာစေရန် ဦးဆောင်နိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်စေရမယ်ဟု မျှော်မှန်းပါသည်။

သို့ဖြစ်ပါ၍ NUGPay ၏ အနာဂတ်ဝန်ဆောင်မှုများ၊ ပြုပြင်ပြောင်းလဲရေးမူဝါဒများတွင် လူတိုင်းအတွက် ငွေကြေးဝန်ဆောင်မှုတစ်ခု ဖြစ်စေရန် "လူသားဆန်မှု" စံတန်ဖိုးအား ထည့်သွင်းရေးဆွဲနေပါသည်။

NUGPay

## NUGPay ၏ မဟာဗျူဟာနှင့် အနာဂတ် (Strategy and Future)

“

NUGPay ၏ ငွေကြေးလည်ပတ်မှုအပေါ် ရှုမြင်သည့် မဟာဗျူဟာပုံစံသည် တစ်ဆင့်ချည်းဆီ အခြေပြု၍ ကွက်ပြည့်နင်းသည့် ပုံစံဖြစ်သည်။ ၎င်းမှာ ယန္တရားတစ်ခုချည်းဆီမှသည် စနစ်တစ်ခုလုံးသို့၊ နယ်မြေတစ်ခုချည်းဆီမှသည် ဒေသတစ်ခုလုံးသို့ NUGPay စနစ်အား ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။

၂ နှစ်တာ ကာလအတွင်း တော်လှန်ရေး၏ ငွေကြေးလည်ပတ်မှု အပေါ် အထောက်အကူပြုနိုင်မှုအရ အနာဂတ်ကာလအတွက် မျှော်မှန်းချက်အဖြစ် မြေပြင်လုပ်ငန်းစီမံမှုအား တိုးချဲ့ရေး၊ ကျပ်ငွေစျေး အတက်အကျကြောင့် တော်လှန်ရေးအဝန်းအဝိုင်းနှင့် ပြည်သူအပေါ် သက်ရောက်မှုအား ကုစားနိုင်ရေး စီမံဆောင်ရွက်သွားပါမည်။

”

# မြေပြင်နှင့် ပြည်သူ့ဝန်ဆောင်မှုအတွက် လုပ်ငန်းစီမံခန့်ခွဲမှု မဟာဗျူဟာ

ဤ စီမံချက်သည် တော်လှန်ရေးအင်အားစုများ၏ စိုးမိုးနယ်မြေများတွင် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများ စတင်သော အချိန်၌ ပိတ်သိမ်းပြီးသော စကစနှင့် စကစလွှမ်းမိုးခံရသော ဘဏ်ဝန်ဆောင်မှုများအစား NUGPay မှ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်သည်။ လက်ရှိအချိန်ထိ စမ်းသပ်ကာလအဖြစ် စစ်ကိုင်းဒေသအတွင်း ဆောင်ရွက်နေပြီး ဆက်လက်တိုးချဲ့သွားမည် ဖြစ်သည်။

အဆိုပါ ပြည်သူ့အုပ်ချုပ်ရေးစတင်သော ဒေသများရှိ ပြည်သူများသည် NUGPay ကို

- တစ်ကိုယ်ရည်ငွေပေးချေမှုများ
- ထောက်ပံ့
- အခွန်
- ပြည်သူ့အုပ်ချုပ်ရေးစတင်သော ဒေသသို့ အခြားဒေသများမှ ငွေပေးပို့ခြင်း
- ပြည်သူ့အုပ်ချုပ်ရေးစတင်သော ဒေသမှ အခြားဒေသများသို့ ငွေပေးပို့ခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

# မဟာဗျူဟာ အဆင့် ၃ ဆင့်နှင့် ၎င်းတို့၏ ရည်မှန်းချက်များ

| ၁ | ၂ | ၃ |
|---|---|---|
| **အဆင့် ၁** | **အဆင့် ၂** | **အဆင့် ၃** |
| ကွန်ရက်တည်ဆောက်ခြင်း | ငွေကြေးလည်ပတ်ခြင်း | "နေရာတိုင်းမှာ နတ်ပေးရှိမယ်" |

မဟာဗျူဟာအဆင့် ၁ တွင်

- မြေပြင်လုပ်ငန်းအဖွဲ့နှင့် NUGPay ၏ လုပ်ငန်းလည်ပတ်မှုပုံစံအား ချိတ်ဆက်ခြင်း
- အခြားဒေသများမှ စိုးမိုးဒေသများအတွင်းသို့ ငွေကြေးလွှဲပြောင်းနိုင်ရေး
- စိုးမိုးဒေသအတွင်းရှိ အိမ်ထောင်စု၊ ဈေးဆိုင်များ၊ အသေးစားအလတ်စား လုပ်ငန်းများမှ NUGPay အကောင့်များဖွင့်လှစ်နိုင်ရေး
- အခြား မဟာဗျူဟာအဆင့်များနှင့် စိုးမိုးဒေသအတွင်း ငွေကြေးလည်ပတ်နိုင်ရေးအတွက် သုံးစွဲသူအရေအတွက်များပြားသည့် အဓိက (core) ကွန်ရက်တစ်ခု တည်ဆောက်နိုင်ရေး တို့ ပါဝင်သည်။

မဟာဗျူဟာအဆင့် ၂ တွင်

- အဓိက (Core) ကွန်ရက်အား အခြေပြု၍ အုပ်ချုပ်ရာဒေသအတွင်း သုံးစွဲသူကွန်ရက်အား ဆက်လက်ချဲ့ထွင်ခြင်း။
- ပြည်သူများမှ NUGPay အား အသုံးပြုသည့် ပုံစံများကို လေ့လာ၍ လုပ်ငန်းချဲ့ထွင်ခြင်း တို့ ပါဝင်သည်။
- လုပ်ငန်းချဲ့ထွင်ရန်မှာ အဆိုပါ ဒေသတွင်း မြေပြင်လုပ်ငန်းအဖွဲ့ထံ ငွေသွင်း၊ငွေထုတ် ပြုလုပ်သည့် သတ်မှတ်မျှော်မှန်း ပမာဏ ပြည့်မီချိန် ဖြစ်သည်။


မဟာဗျူဟာ အဆင့် (၁) နှင့် (၂) တို့ကို ကျော်လွန်ပြီးနောက် အဆိုပါဒေသအတွင်း NUGPay လည်ပတ်သွားပြီဟု မှတ်ယူနိုင်သည်။ အဆင့် (၃) တွင် မြေပြင်လုပ်ငန်းအဖွဲ့အနေဖြင့် NUGPay ကိုအသုံးပြု၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ပေးအပ် နိုင်ရန်ဖြစ်သည်။

# USDT Feature and P2P Orderbook

အကြမ်းဖက်စစ်ကောင်စီ၏ ပြည်သူအပေါ်နိုင်ထက်စီးနင်းပြုကျင့်သည့် ညံ့ဖျင်းသော စီးပွါးရေးစီမံချက်များကြောင့် မြန်မာကျပ်ငွေတန်ဖိုးမှာလည်း ကျဆင်းလျက်ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည်လည်း အမိန့်ကြော်ငြာချက် ၄/၂၀၂၁ ဖြင့် USDT အား ပြည်တွင်းသုံး တရားဝင်ငွေကြေးအဖြစ် တရားဝင်အသိအမှတ်ပြုပေးခဲ့ပြီးဖြစ်ရာ ၎င်းအပေါ် အခြေတည်၍ NUGPay Mobile Wallet တွင် USDT ဖြင့် ငွေပေးငွေယူပြုလုပ်နိုင်ရန် စီမံသွားပါမည်။

- အမျိုးသားညီညွတ်ရေးအစိုးရမှ USDT အား ပြည်တွင်းသုံး တရားဝင်ငွေကြေးအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်၍ ပြည်သူများသည် USDT အား ထပ်လောင်း ငွေကြေးစနစ် တစ်ခုအဖြစ် NUGPay Mobile Wallet အတွင်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။
- တန်ဖိုးကျလျက်ရှိသော မြန်မာကျပ်ငွေအစား ခိုင်မာမှုရှိသော ဒေါ်လာငွေကြေးဖြင့် ငွေစုဆောင်းနိုင်ပါမည်။
- ထို့ပြင် USDT ကို အသုံးပြုခြင်းဖြင့် မူလ USD ငွေကြေးဖြင့် တော်လှန်ရေးရန်ပုံငွေပါဝင်ကြသူများ၊ USDT ဖြင့် တော်လှန်ရေးရန်ပုံငွေပါဝင်ကြသူများအနေနှင့်လည်း ငွေလဲလှယ်နှုန်းကြောင့် နစ်နာခြင်းမရှိပဲ တိုက်ရိုက်ထောက်ပံ့နိုင်မည် ဖြစ်ပါသည်။
- ထို့ပြင် P2P Orderbook မှ တဆင့် USDT အား အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပါ၍ လွတ်လပ်သော ငွေကြေးဈေးကွက်အသစ် တစ်ခုကိုလည်း ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။
- ငွေကြေးအကျပ်အတည်း (Financial Crisis) ကာလများတွင် NUGPay ၏ ဘဏ္ဍာရေးအကျပ်အတည်းမဖြစ်စေပဲ ဝန်ဆောင်မှု ဆက်လက်ပေးဆောင်နိုင်ရန် အရံငွေကြေးထားရှိမှုကို စီမံဆောင်ရွက်သွားပါမည်။
- လက်ရှိ NUGPay Wallet အသုံးပြုနေသူများ အားလုံးသာမက ထပ်မံအသစ် အသုံးပြုမည့်သူများ အားလုံး ယခု Features ကို ရယူနိုင်မည်ဖြစ်ပါသည်။

P2P Orderbook ကို စကစ၏ ထိန်းချုပ်မှုမရှိသော လွတ်လပ်သည့် ငွေကြေးဈေးကွက် တစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။ NUGPay သုံးစွဲသူများအနေဖြင့် USDT ငွေကြေးအား NUGPay application မှ တဆင့် အချင်းချင်း အရောင်းအဝယ်ပြုလုပ်နိုင်မည် ဖြစ်ပါသည်။





ပုံ (၁) P2P Orderbook ဒီဇိုင်းမူဘောင်

- NUGPay အသုံးပြုသည့် မည်သူမဆို ဈေးကွက်အတွင်း လွတ်လပ်စွာ ရောင်း/ဝယ် နိုင်ပါမည်။
- P2P ORDERBOOK တွင် ရောင်း/ဝယ်မှု ပြုလုပ်ရန် အခြား မည်သည့် Third Party Application ကိုမျှ အသုံးပြုရန်မလိုအပ်ပါ။
- P2P ORDERBOOK တွင် ရောင်း/ဝယ်မှု ပြုလုပ်ရန် ရောင်းချမည့်သူနှင့် ဝယ်ယူမည့်သူ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း၊ အဆက်အသွယ်ပြုလုပ်ခြင်းများ ဆောင်ရွက်ရန် မလိုအပ်ပါ။
- Market eXchange Rate ဖြင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည့် အသုံးပြုသူများအတွက် လက်ရှိရောင်း/ဝယ်ဈေးကို ပြသထားမည်ဖြစ်သည်။ ထိုဈေးပေါ်တွင် ကြည့်ရှုပြီး ရောင်း/ဝယ်ခြင်းများ ဆောင်ရွက်နိုင်ပါမည်။

# USDT

# IS HERE



17:06
TEST_ONE
NUGPay
DMMK
USDT
Balance
98.89 $
Receive
Send
Scan
Recent Transactions
makpwint_01
-1.11 $
15 Jun, 2024 12:37 PM • test1

# NUGPay Verified Badge အစီအစဉ်

NUGPay အား အသုံးပြု၍ ငွေကြေးမသမာမှု ကျူးလွန်မှုများအား အထိုက်အလျောက် တားဆီးနိုင်ရန် ရည်ရွယ်၍ Verified Badge အစီအစဉ်အား စတင်ခဲ့ပါသည်။ ၎င်း အစီအစဉ်သည် တော်လှန်ရေး အဖွဲ့အစည်းများ၊ ရံပုံငွေရှာဖွေပေးနေသော ထင်ပေါ် ကျော်ကြား လူပုဂ္ဂိုလ်များနှင့် ရံပုံငွေ အဖွဲ့အစည်း/အစီအစဉ်များ အတွက် ဖြစ်ပြီး Verified Badge လျှောက်ထားခြင်းဖြင့် သုံးစွဲသူအချင်းချင်း အပြန်အလှန် ယုံကြည်မှုတိုးပွါးစေမှာဖြစ် ပြီး မိမိ၏ NUGPay Wallet နာမည်ကို ဆင်တူယိုးမှားပြုလုပ်တာ၊ ငွေကြေးလိမ်လည်မှု တွေ ဆောင်ရွက်ခြင်းများကို ကာကွယ်တားဆီးနိုင်ပါမည်။ လက်ရှိအထိ အကောင့် (၆၀၀ ခန့်) အား Verified ပေးအပ်ထားပြီး ဖြစ်ပါသည်။



# ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု


အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူလူထုများ လုံခြုံစိတ်ချစွာဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) တပ်ရင်းများကို ထောက်ပံ့ပို့ဆောင်နိုင်ရန် NUGPay ဖြင့် ပူးပေါင်း၍ တပ်ရင်းအလိုက် NUGPay Account များကို ဖွင့်လှစ်ပေးထားပြီ ဖြစ်ပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) တပ်ရင်းများ၏ တရားဝင် NUGPay Wallet တွင် သက်ဆိုင်ရာ တပ်ရင်းအမှတ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန (MOD Verified) ၏ .mod Extension ပါဝင်မည် ဖြစ်ပါသည်။

လက်ရှိထိ လုပ်ငန်းဆောင်ရွက်မှုများ အနေဖြင့်

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်၊ တပ်ရင်းနှင့်စစ်ကြောင်းများကို .mod extension ပါဝင်သည့် NUGPay Account များ ဖွင့်လှစ်ပေးခဲ့ပါသည်။ ဆက်လက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန တပ်ခွဲများ၊ ဌာနများနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ.က.ဖ) များကို ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။


၂။ ၂၀၂၃ ခုနှစ်၊ ဇွန်လ မှ စတင်၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ NUGPay ဖြင့် ကာကွယ်ရေးအသုံးစရိတ် ဖြန့်ဝေခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာ ၂၆ ဇွန် ၂၀၂၄ နေ့အထိ ကျပ်ငွေ ၁၁ ဘီလီယံထိ လည်ပတ်ခဲ့ပြီး ဖြစ်ပါသည်။





9:57
NUGPay
Your Balance
66,008 Ks
eric.101*nugpay.app
Add or Receive
Send Money
Recent activity
Wallet
More

# NUGPay လည်ပတ်မှု အချက်အလက်များ

NUGPay အား လက်ရှိတွင် မြန်မာနိုင်ငံအပါအဝင် ဒေသကြီး ၅ ခု (နိုင်ငံ ၂၈ခု) ၌ လည်ပတ်နေသည်။ ၎င်းဒေသများတွင် အခြေစိုက်လျက်ရှိသော အေးဂျင့်များစွာရှိပြီး လူမှုကွန်ရက်ပေါ်တွင် ထုတ်ဖော်ကြေညာရန် သဘောတူညီထားသော အေးဂျင့်များအား NUGPay ၏ Facebook စာမျက်နှာတွင် ဖော်ပြကြေညာထားပါသည်။





ပုံ (၃) လုပ်ငန်းလည်ပတ်နေသော ဒေသများ




**ပုံ (၄) စျေးကွက်အတွင်း ထုတ်ဝေထားသော DMMK ငွေကြေးပမာဏ**

စျေးကွက်အတွင်း ထုတ်ဝေထားသော DMMK ငွေကြေးပမာဏ (သို့) စျေးကွက်အတွင်း လည်ပတ်နေသော DMMK ပမာဏသည် ၂၀၂၄ ဇွန်လကုန်တွင် ၃၇.၂ ဘီလျံထိ ရှိနေပြီ ဖြစ်ပါသည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနသည် စျေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ အလွယ်တကူ ရယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ စနစ်တကျ ငွေကြေးထုတ်ဝေခဲ့ပါသည်။

ထိုကဲ့သို့ လုပ်ဆောင်မှုအားဖြင့် တစ်ဦးချည်းစီလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်း လိုက် သော်လည်းကောင်း DMMK ငွေကြေးအား ပိုမို လက်လှမ်းမီလာခြင်းကြောင့် တော်လှန်ရေး၏ ငွေကြေးစီးဆင်းမှုတွင် အထောက်အကူပြုနိုင်ခဲ့ပါသည်။





**ပုံ (၅) သုံးစွဲသူပမာဏ**

ဈေးကွက်အတွင်း တည်ရှိနေသော သုံးစွဲသူ အရေအတွက်သည် အစဉ်တဆက်အားဖြင့် ဖြေးဖြေးမှန်မှန် တိုးတက်လာသည်ကို တွေ့ရပါသည်။ သုံးစွဲသူအရေအတွက် ပိုမိုများပြားလာသည်နှင့်အမျှ NUGPay ကွန်ယက်အား ပိုမိုချဲ့ထွင်လာနိုင်မည် ဖြစ်ပြီး DMMK ငွေကြေးသည်လည်း ပိုမို တန်ဖိုးရှိ၍ အသုံးဝင်လာမည် ဖြစ်ပါသည်။ ထို့ပြင် သုံးစွဲသူပိုမိုများပြားလာခြင်းသည် ထောက်ပို့ကဏ္ဍတွင်သာမက လွှတ်မြောက်နယ်မြေများ၌ ငွေကြေးသုံးစွဲမှုတွင်လည်း ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေပါသည်။

# DMMK ကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းလုပ်ထားသည့် စုစုပေါင်းပမာဏ

DMMK စတင်ထုတ်ဝေခဲ့ချိန်မှ ယခု ၁ နှစ်ပြည့်မြောက်ချိန်တွင် DMMK ငွေကြေးအား အသုံးပြုခဲ့သော ငွေပေးငွေယူ (Transaction) စုစုပေါင်းတန်ဖိုးသည် ကျပ်ငွေ ၁.၅ ထရီလီယံထိရှိခဲ့ပါသည်။ ယမန်နှစ် တစ်နှစ်ပြည့် ကာလနှင့် နှိုင်းယှဉ်ပါက ၄.၈ ဆ ထိ တိုးပွါးလာသည့်ပမာဏပင် ဖြစ်ပါသည်။ ထို့ပြင် ၂၀၂၄ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၅ လအတွင်း ဘီလီယံ ၅၀၀ ပမာဏ အထိ ရှိခဲ့ခြင်း ဖြစ်ပြီး ၎င်းသည် DMMK စနစ်အတွင်း ကောင်းစွာလည်ပတ်နေသော ငွေကြေးစီးဆင်းမှု နှင့် NUGPay အား သုံးစွဲမှု ပိုမိုများပြားလာခြင်းကို ထင်ဟပ်နေပါသည်။


ထို့ပြင် ၁.၅ ထရီလီယံ ဟူသော ပမာဏသည် ခိုင်မာ ကျစ်လစ်ပြီး တက်ကြွသော ဒစ်ဂျစ်တယ် တော်လှန်ရေးပုံစံဟန်ပန်များကို ညွှန်ပြပါသည်။ ဤ အခြေအနေကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် တော်လှန်ရေး ထောက်ပံ့ကဏ္ဍတွင်သာမက လွတ်မြောက်ဒေသများရှိ လူမှုစီးပွါးကဏ္ဍများတွင်လည်း အထောက်အပံ့ဖြစ်လာနိုင်ပါမည်။



# ဥပမာ

ဈေးကွက်ထဲမှာ DMMK တစ်သောင်းကျပ် ထုတ်ဝေထားတယ်လို့ မှတ်ယူကြည့်ပါစို့။ အဆိုပါ DMMK တစ်သောင်းကို မောင်မောင့်ရဲ့ NUGPay အကောင့်ထဲမှာ သိမ်းထားပါသည်။ ထို့နောက် မောင်မောင်က ကျော်ကျော့်ထံ DMMK ရှစ်ထောင် ကျပ် လွှဲပါသည်။ ကျော်ကျော်က အေးအေးဆီ ငါးထောင် ကျပ် လွှဲလိုက်ပြီး အေးအေးက ကိုကို့ထံ သုံးထောင်ကျပ် လွှဲပါသည်။

ဤ ဥပမာ၌ ငွေလွှဲပြောင်းမှု ၃ ခါရှိပြီး စုစုပေါင်း လွှဲပြောင်းလိုက်သည့် ငွေကြေး (၈၀၀၀+ ၅၀၀၀ + ၃၀၀၀ = ၁၆၀၀၀) ကျပ်ရှိပါသည်။ ထိုနည်းတူစွာ DMMK ကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းလုပ်ထားတဲ့ စုစုပေါင်းပမာဏကို စိစစ်ပါသည်။ လက်ရှိအချိန်ထိ DMMK ကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းလုပ်ထားသည့် စုစုပေါင်းပမာဏမှာ ၁.၅ ထရီလီယံ (၁,၅၀၀ ဘီလီယံ) ထိ ရှိနေပြီဖြစ်ပါသည်။



“

ဤ အချက်အလက်များကို အခြေပြု၍ DMMK သည် စျေးကွက်အတွင်းနှင့် ငွေကြေးထောက်ပံ့မှုကဏ္ဍတွင် ကောင်းမွန်စွာလည်ပတ်နေကြောင်း ကောက်ချက်ချနိုင်ပြီး ပြည်သူလူထု၏ တော်လှန်ရေးအပေါ် သက်ဝင်ယုံကြည်မှုကိုလည်း သိရှိနိုင်ပါသည်။

”

## တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

Kachin Political Interim Coordination Team (KPICT) နှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့ ပူးပေါင်း၍ "SUMBU" ပရောဂျက်ဖြင့် ကချင်ဒေသအတွင်း NUGPay လည်ပတ်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ SUMBU ဟူသော အမည်နာမမှာ ကချင် (ဂျိန်းဖော) ဘာသာစကားဖြင့် ပိုက်ဆံအိတ်/အိတ်ကပ်ဟု အနက်အဓိပ္ပါယ်ရပြီး၊ တော်လှန်ပြည်သူများအတွက် လာဘ်လာဘတိုးပွားအောင်မြင်စေသော ဒစ်ဂျစ်တယ်အိတ်ကပ်အဖြစ် အသုံးပြုနိုင်ကြစေရန် ရည်ရွယ်ကာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် မိတ်ဖက်တော်လှန်ရေးအဖွဲ့အစည်းများဖြင့်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။

## နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

NUGPay သည် နိုင်ငံတကာအဖွဲ့အစည်းများ တက္ကသိုလ်များမှ ပညာရှင်များဖြင့် ချိတ်ဆက်၍ နည်းပညာနှင့် မူဝါဒများ သုသေသနပြုလုပ်ခြင်း၊ မူဝါဒအကြံပြုချက်များအား ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။

## NUGPay မိသားစု


NUGPay ၏ စံတန်ဖိုးများကို အခြေပြု၍ တော်လှန်ရေးအား ပံ့ပိုးပေးနိုင်ရန် အတွက်လည်း ကြိုးပမ်းလျက်ရှိပါသည်။ NUGPay သုံးစွဲသူအားလုံးက မိသားစုဝင်ကဲ့သို့ သဘောထားမှတ်ယူပြီး တော်လှန်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် ပါဝင်နေပါသည်။ လက်ရှိတွင် NUGPay မိသားစုအနေဖြင့် ရံပုံငွေအစီအစဉ် ၂ ခုထားရှိပြီး ၎င်းတို့မှာ -

- တော်လှန်ရေးအဖွဲ့အစည်းများအတွက် လစဉ် For our people Campaign
- သဘာဝဘေးဒဏ် ကူညီကယ်ဆယ်ရေး အမြဲတမ်း ရံပုံငွေ Campaign

တို့ ဖြစ်ပါသည်။

## For our People Campaign

"ပြည်သူမှ ပြည်သူ့ဆီ" ဆိုသည့် ခိုင်မာသော ယုံကြည်ချက်အားဖြင့် တော်လှန်ရေးကဏ္ဍ၌ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ပြည်သူများ၏ ယုံကြည် ဝန်းရံမှုဖြင့် ၂၀၂၂ ဩဂုတ်လ မှ စတင်ကာ For our people လစဉ် ကမ်ပိန်းအား စတင်ခဲ့ ပါသည်။ လက်ရှိချိန်ထိ စစ်ဒေသအစုံမှ တော်လှန်ရေးအဖွဲ့အစည်း ၄၇ ဖွဲ့ အတွက် ထောက်ပို့ ပါဝင်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် မြွေဆိပ်ဖြေဆေး ရံပုံငွေလည်း ပါဝင်ခဲ့ပါသည်။ လက်ရှိချိန်ထိ DMMK ၁၇၅ သန်းကျော် ရံပုံငွေကောက်ခံရရှိခဲ့ပြီး ၎င်းတို့အား သက်ဆိုင်ရာ အဖွဲ့အစည်းများထံ ပေးပို့ပြီးဖြစ် ပါသည်။




ပုံ (၆) For our People Campaign သက်ရောက်မှုပြပုံ

# သဘာဝဘေးဒဏ် ကူညီကယ်ဆယ်ရေး အမြဲတမ်း ရံပုံငွေ (Disaster Relief Fund) Campaign

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်ချိန်တွင် လက်ရှိသာမကာ၊ အနာဂတ်တွင်လည်း သဘာဝဘေးဒဏ်ကျရောက်ပါက ဘေးဒဏ်သင့်ဒေသရှိ ပြည်သူများအား ချက်ချင်း အထောက်အပံ့များ ပေးအပ်နိုင်ရန် ရည်ရွယ်၍ "သဘာဝဘေးဒဏ် ကူညီကယ်ဆယ်ရေး အမြဲတမ်း ရံပုံငွေအစီအစဉ်၊ Disaster Relief Fund" ကိုလည်း စတင်ခဲ့ပါသည်။ ၎င်း ရံပုံငွေအစီအစဉ်သည် အမြဲတမ်းအတွက် ဖြစ်ပြီး Campaign ရက်စွဲ သတ်မှတ်ထားခြင်း မရှိပဲ ရံပုံငွေ ရှိနေသမျှ အကူအညီလိုအပ်နေသည့် သဘာဝဘေးသင့် ပြည်သူတွေထံ လှူဒါန်းနေမည် ဖြစ်ပါသည်။

လက်ရှိချိန်ထိ ချင်းပြည်နယ် (သိန်း ၅၀)၊ စစ်ကိုင်းတိုင်း (သိန်း ၅၀) ၊ မကွေးတိုင်း (သိန်း ၁၅၀)၊ နှင့် ရခိုင်ပြည်နယ် (သိန်း ၁၀၀) ရှိ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာနထံ လည်းကောင်း၊ ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီထံ လည်းကောင်း၊ မြေပြင်ရှိ အခြားအဖွဲ့အစည်းများထံ လည်းကောင်း၊ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် လက်ရှိ ၂၀၂၄ ခုနှစ် ဇွန်လတွင်လည်း ကချင်ဒေသ ရေဘေးသင့်ပြည်သူများအတွက် ကူညီပါဝင်လှူဒါန်းနိုင်ရေး စီစဉ်လျက်ရှိပါသည်။

# နိဂုံး

NUGPay သည် လက်ရှိ နှစ်နှစ်တာ ကာလအတွင်း ကြုံတွေ့ခဲ့ရသော အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှုများကို အမြဲမပြတ် လေ့လာသုံးသပ်၍ ပြည်သူလူထုအား လွတ်လပ်၍ လုံခြုံသော ငွေကြေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားပါမည်။ ထို့အပြင် ဒစ်ဂျစ်တယ်မြန်မာကျပ် (DMMK) ၏ CBDC အနေဖြင့် မက်ခရိုစီးပွါးရေးကဏ္ဍနှင့် လူမှုစီးပွါးကဏ္ဍတွင် အကျိုးဖြစ်စေနိုင်မှုများအား ဆက်လက်လေ့လာ၍ ဒစ်ဂျစ်တယ် စီးပွါးရေးအကြောင်း သိကောင်းစရာများ၊ ဒစ်ဂျစ်တယ် ငွေကြေးအကြောင်း သိကောင်းစရာများအား အသိပညာပေးဆောင်ရွက်သွားပါမည်။

NUGPay သည် မြန်မာပြည်သူတို့၏ သတ္တိ၊ လုံ့လ၊ ဝီရိယရှိမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီအား လိုလားတောင့်တမှုတို့ကိုဖော်ပြသော ပြည်သူ့တော်လှန်ရေး၏ ယာဉ် ရထားတစ်စင်းပင် ဖြစ်ပါသည်။

ယုံကြည်ရာ
နှလုံးသားတို့နဲ့
အတူ

NUGPay
၂ နှစ်တာ

# ပြည်သူမှ ပြည်သူ့ဆီ

NUGPay ၌ လုပ်အားပေးကူညီနေကြသော ပြည်သူများ၏ ၂ နှစ်ပြည့် အမှတ်တရစကားသံများကို စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။

တော်လှန်ရေးပြီးတဲ့ထိ အတူရှိနေမယ်လို့ ကတိပေးပါတယ်။

အလုံခြုံဆုံး Pay

Happy 2 years Anniversary NUGPay

ဂရုစိုက်ပါ။

တူတူရှိနေပေးလို့ ကျေးဇူးတင်ပါတယ်

အောင်ပွဲနဲ့အတူ ပြန်ဆုံကြမယ်နော်။ အဲ့ဒီအချိန်ထိ အားလုံးတူတူရှိနေကြရအောင်ပါ

အားတင်းထား

Succeed and grow with a heart of faith

လုံခြုံစိတ်ချ နတ်ပေးနဲ့မှ...
ဘေးရန်ကင်းကွာ နတ်ပေးမှာ...
လိုရာရောက်အောင် နတ်ပေးဆောင်..

NUGPayသုံးပြီး မြေပြင်တော်လှန်ရေးအတွက် အထောက်အကူ ဖြစ်မယ်လို့ ယုံကြည်ပါတယ်

# ဆက်သွယ်ရန်

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

Website: https://mopfi.nugmyanmar.org/

Website: https://nugpay.app/

Email: mopfi@nugmyanmar.org

Email: mopfi@nugpay.app